22

## ၄။ သဒ္ဒါရှင်းလင်းချက်

### ၁. နာမ်ကိုအထူးပြုခြင်း

သင်ခန်းစာ-၂ နှင့် သင်ခန်းစာ-၈ ၌ နာမ်ကိုအထူးပြုနည်းအကြောင်းကိုလေ့လာခဲ့ပြီးဖြစ်သည်။

| | |
|---|---|
| ミラーさんの うち | မစ္စတာမီလာရဲ့ အိမ် (သင်ခန်းစာ-၂) |
| 新(あたら)しい うち | သစ်လွင်သော အိမ် (သင်ခန်းစာ-၈) |
| きれいな うち | လှပသော အိမ် (သင်ခန်းစာ-၈) |

အထူးပြုသောစကားလုံးနှင့်အဆစ်အပိုင်းတို့ကိုအထူးပြုခံနာမ်၏ရှေ့၌ထားရသည်။ ယခုသင်ခန်းစာတွင်အဆစ်အပိုင်းမှနာမ်ကိုအထူးပြုသည့်အကြောင်းကိုလေ့လာမည်။

၁) နာမ်ကိုအထူးပြုသောအဆစ်အပိုင်းအတွင်းမှကြိယာ၊နာမဝိသေသနနှင့်နာမ်တို့ကိုရိုးရိုးပုံစံပြုလုပ်ရသည်။ な နာမဝိသေသနဖြစ်ပါက ～な ဖြစ်၍၊နာမ်ဖြစ်ပါက～の ဖြစ်မည်။

| | |
|---|---|
| ① 京都(きょうと)へ 行(い)く 人(ひと) | ကျိုတိုကို သွားမယ့်လူ |
| 京都へ 行(い)かない 人(ひと) | မသွားမယ့်လူ |
| 京都へ 行(い)った 人(ひと) | သွားတဲ့လူ |
| 京都へ 行(い)かなかった 人(ひと) | မသွားတဲ့လူ |
| 背(せ)が 高(たか)くて、髪(かみ)が 黒(くろ)い 人(ひと) | အရပ်ရှည်ပြီး ဆံပင်နက်တဲ့လူ |
| 親切(しんせつ)で、きれいな 人(ひと) | သဘောကောင်းပြီး လှပတဲ့သူ |
| 65 歳(さい)の 人(ひと) | အသက်၆၅နှစ်သမား |

၂) နာမ်ကိုအထူးပြုသောအဆစ်အပိုင်းကို အောက်ပါအတိုင်းဝါကျပုံစံအမျိုးမျိုး၌အသုံးပြုသည်။

② これは ミラーさんが 住(す)んで いた うちです。
ဒါ မစ္စတာမီလာ နေခဲ့တဲ့ အိမ် ပါ။

③ ミラーさんが 住(す)んで いた うちは 古(ふる)いです。
မစ္စတာမီလာ နေခဲ့တဲ့အိမ်က ဟောင်းပါတယ်။

④ ミラーさんが 住(す)んで いた うちを 買(か)いました。
မစ္စတာမီလာ နေခဲ့တဲ့အိမ်ကို ဝယ်လိုက်ပါတယ်။

⑤ わたしは ミラーさんが 住(す)んで いた うちが 好(す)きです。
ကျွန်တော်/ကျွန်မ မစ္စတာမီလာ နေခဲ့တဲ့အိမ်ကို ကြိုက်ပါတယ်။

⑥ ミラーさんが 住(す)んで いた うちに 猫(ねこ)が いました。
မစ္စတာမီလာ နေခဲ့တဲ့အိမ်မှာ ကြောင် ရှိပါတယ်။

⑦ ミラーさんが 住(す)んで いた うちへ 行(い)った ことが あります。
မစ္စတာမီလာ နေခဲ့တဲ့အိမ်ကို သွားဖူးပါတယ်။





၃) နာမ်ကိုအထူးပြုသောအဆစ်အပိုင်းအတွင်းမှကတ္တားပုဒ်ကို が ဖြင့်ဖော်ပြသည်။

⑧ これは ミラーさんが 作(つく)った ケーキです。
ဒါ မစ္စတာမီလာ လုပ်ထားတဲ့ ကိတ်မုန့် ပါ။

⑨ わたしは カリナさんが かいた 絵(え)が 好(す)きです。
ကျွန်တော်/ကျွန်မ မစ္စကရိန ဆွဲထားတဲ့ ပန်းချီကို ကြိုက်ပါတယ်။

⑩ [あなたは] 彼(かれ)が 生(う)まれた 所(ところ)を 知(し)って いますか。
[သင်] သူ မွေးခဲ့တဲ့အရပ်ကို သိပါသလား။

### ၂. V -အဘိဓာန်ပုံစံ 時間(じかん)／約束(やくそく)／用事(ようじ)

တစ်စုံတစ်ခုကိုလုပ်ဆောင်သည့်အချိန်၊ကတိ/ကိစ္စစသည့်တို့၏အကြောင်းအရာကိုဖော်ပြရာတွင်၎င်းတို့၏အပြုအမူကိုအဘိဓာန်ပုံစံပြုလုပ်၍ じかん၊やくそく၊ようじ စသည့်နာမ်များ၏ရှေ့တွင်ထားရသည်။

⑪ わたしは 朝(あさ)ごはんを 食(た)べる 時間(じかん)が ありません。
ကျွန်တော့်/ကျွန်မမှာ မနက်စာ စားဖို့ အချိန်မရှိပါဘူး။

⑫ わたしは 友達(ともだち)と 映画(えいが)を 見(み)る 約束(やくそく)が あります。
ကျွန်တော်/ကျွန်မ သူငယ်ချင်းနဲ့ ရုပ်ရှင်ကြည့်ဖို့ ကတိပေးထားပါတယ်။ (/ရုပ်ရှင်ကြည့်ဖို့ချိန်းထားပါတယ်။)

⑬ きょうは 市役所(しやくしょ)へ 行(い)く 用事(ようじ)が あります。
ဒီနေ့ မြို့နယ်ရုံးကို သွားဖို့ ကိစ္စ ရှိပါတယ်။

### ၃. V ます-ပုံစံ ましょうか　Vမလား / Vရမလား

ဤဝါကျပုံစံကိုပြောသူကတစ်ဖက်လူအတွက်တစ်စုံတစ်ခုကိုပြုလုပ်ပေးမည့်အကြောင်းကို ကမ်းလှမ်းညှိနှိုင်းသောအသုံးအနှုန်းအဖြစ်သင်ခန်းစာ-၁၄တွင်လေ့လာခဲ့ပြီးဖြစ်သည်။ယခုသင်ခန်းစာ၏စကားပြောကဏ္ဍတွင်မူပြောသူနှင့်နာသူကတစ်စုံတစ်ခုကိုအတူတကွ ပြုလုပ်မည့်အကြောင်းကိုကမ်းလှမ်းပြောဆိုသောအသုံးအနှုန်းအဖြစ်သုံးနှုန်းဖော်ပြထားသည်။

| | |
|---|---|
| ⑭ この 部屋(へや)、きょう 見(み)る ことが できますか。 | ဒီအခန်းကိုဒီနေ့ကြည့်လို့ရမလား။ |
| ……ええ。今(いま)から 行(い)きましょうか。 | ......ဟုတ်ကဲ့၊ အခုသွားကြမလား။ |